
အစိမ်းရောင်
လူသားစားတဲ့ အကောင်ကြီး

နားထဲမှာ တော့ တစ်ဂျစ်ဂျစ်နဲ့ အသံတွေ ကြားလာရတာကိုတော့ သူ လည်း သတိထား မိခဲ့သည် ။ ရုတ်တရက် ဘယ်ရောက်နေလဲ ဆိုတာကို စဉ်းစား၍ မရချေ။ ခေါင်းထဲမှာ ကလည်း အနည်းငယ် မူးဝေ နောက် ကျိုနေလေသည် ။ ပတ်ဝန်းကျင်ကို ကြည့် လိုက်လေတော့ မှောင်မှောင် မည်းမည်း နှင့်ပင်။ ဘယ်အရာကိုမှ သဲသဲ ကွဲကွဲတော့ မတွေ့ရသေး။ ထို့ နောက်မှာ တော့ သိလိုက်ရသည် က ...

"ဟင်... ငါရောက်နေတာ ကားထဲမှာ ပါလား"

ဆိုပြီး အထိတ်တလန့် တွေးမိလိုက်သည် ။ တစ်ဆက်တည်းမှာ ပဲ သ တိရလိုက် မိသည် ကား...

"ဟိုကောင်တွေရော ဘယ်ရောက် သွားကြပါလိမ့်"

စသဖြင့် အတွေးနဲ့ အတူ ခေါင်းကို ငဲ့စောင်းကာ ကြည့်လိုက် မိသေး သည် ။ မတွေ့ရ။ စောစောက မှောင် နေပေမဲ့ အမှောင်ထဲ အနေကြာ လာလေတော့ သဲသဲကွဲကွဲ မဟုတ်တောင်မှ အနည်းငယ်တော့ မြင်လာရ သည် ။

ပတ်ဝန်းကျင်မှာ တော့ အမှောင်ထုက ကြီးစိုးလျက် ရှိနေသည် ။ ကြ ည့်ရတာတော့ တောကြီး တစ်ခုအတွင်း ရောက်နေသည့်ပုံ။ ထကြည့်ပေ မဲ့ ခေါင်းက မူးနေသေးတော့ ရုတ်တရက် မထနိုင်သေး။ ဒီတော့လည်း ခဏတာ ပြန်လှဲနေလိုက်ရင်း ဖြစ်ပျက်ပုံတွေကို ခေါင်းထဲ တွေးလိုက်မိ တော့ အစီအရီပင် ပြန်လည် ပေါ်လာခဲ့ သည် ။

***

ကားလေးတစ်စီး အတွင်းမှာ လူငယ် လေးယောက်သား ပျော်ပျော်ရွှ င်ရွှင်ဖြင့် သီချင်းတွေ ဆိုလာကြကာ မောင်းလာသည် ။ နေရာက တော တန်းလေး တစ်နေရာ။ ကားပေါ်မှာ တော့ မင်းမင်း။ ဘိုဘို။ ငဖြိုး။ ဖိုး ကျော် စသဖြင့် လေးဦး။ သူတို့ ကတော့ သူငယ်ချင်း လေးယောက် ဖြစ် သည် ။ ဒီတောတန်းလေးကို ရောက်ရှိ နေသည် ကတော့ ဒီတော ဒီ တောင် ကျော်လာရင်တော့ လမ်းကြီး တစ်ခုကို ရောက်ရှိပေမည်။

တက္ကသိုလ် တစ်ခုမှာ စာတမ်းပြုစုဖို့ ယခုလို ခရီးထွက်လာ ခဲ့ခြင်းပ င်။ ယခု မောင်းလာသည့် တောတောင်တွေ လွန်ရင်တော့ ရွာလေးတစ်ရွာကို ရောက်ပေမည်။ ထိုရွာလေးမှာ တော့ ဘိုဘို၏ ဦး လေးဖြစ်သူ ရှိလေသည် ။ ဒီတော့ သုတေသန စာတမ်းအတွက် အထော က်ကူ ရရှိပေလိမ့်မည်။ ကားမောင်းလာသူကတော့ မင်းမင်း။ သူကလ ည်း မိဘတွေမှာ ပိုက်ဆံ ရှိလေသောကြောင့် ယခုလို မပူမပင်ပဲ ခရီးထွ က် နိုင်ဖို့ စရိတ်ခံ ခေါ်လာခဲ့လေသည် ။

မြို့လမ်းတွေ ကျော် လာပြီး တောအတွင်း ရောက် လာလေတော့ လ မ်းက သိပ်ပြီး မကောင်းလှပေ။ ထိန်းသိမ်း မောင်းနေပေမဲ့ အတော်ကြီး ကို သတိထားနေရလေသည် ။ သူလည်း ကားမောင်းတာ ကြာပြီ ဖြစ်ပေ မဲ့ ယခုလို တောတွင်းက လမ်းကိုတော့ မမောင်းဖူးခဲ့။ ချိုင့်တွေ ခွက်တွေ ။ ကျောက်စရစ်ခဲ့တွေ။ ဂမူတွေဖြင့် ကားလေးကတော့ လူးလိမ့် နေလေ သည် ။

တစ်နေရာသို့ အရောက်မှာ တော့ အကွေ့တစ်ခုမှ အရှိန်လွန်ကာ စ

လစ်ဖြစ်သွားပြီး ကားကို မထိန်းနိုင်တော့ပဲ လမ်းချော်ကာ လမ်းဘေး တောင်စောင်းထဲကို အရှိန်ဖြင့် ထိုးကျ ခဲ့ကြလေသည် ။ ထို့နောက်မှာ တော့ သူလည်း သတိမေ့နေခြင်းပင် ဖြစ်ခဲ့သည် ။ ကားက မမှောက်သွားပဲ ဒီအတိုင်းပင် ထိုးကျသွားခဲ့လို့ တော်ပေ ရော့သည် ။ မ ဟုတ်လျှင်တော့ သူမတွေးရဲတော့။ အခုချိန်ထိ အသက်နှင့် ခန္ဓာ မြဲနေ လို့ သာပဲ။ ဘယ်ရောက် နေမှန်းလည်း မသိတော့ပေ။

ထိုသို့ တွေးရင်းဖြင့် စောစောတုန်းက တဂျစ်ဂျစ်နဲ့ ကြားနေရသည့် အသံကို ပြန်လည်၍ သတိပြုမိ လိုက်သည် ။ ဟုတ်ပါရဲ့ ။ ဒါက ဘာအ သံများ လဲ။ ကားကို တစ်စုံ တစ်ခုက ကုတ်ခြစ်နေသည့် အသံမျိုး။ တွေး နေရင်းဖြင့် ထိုတဂျစ်ဂျစ်နဲ့ အသံက ထပ်မံ၍ ကြားလာခဲ့ရလေသည် ။ ဒီ တော့ မင်းမင်းလည်း အရဲစွန့်ပြီး အသံကြားရာ ဆီသို့ အသာလေး ကြည့် လိုက်မိလေတော့...

"ဟာ... အမယ်လေးလေး ဘုရား... ဘုရား... ဘာကောင်ကြီးပါလိမ့်"

ဆိုပြီး အာမေဋိတ် ပြုလိုက်မိသည် ။ သူမြင်နေရသည် က မှောင်မှော င်မည်းမည်းထဲမှာ အကောင်ကြီး တစ်ကောင်။ ဘာအကောင်ကြီးလဲ တော့ မသိပေ။ ရုတ်တရက် ကြည့်လိုက်ရင်တော့ လူတစ်ယောက်လို့ ထ င်လိုက် ရပေမဲ့ သေချာလေး ပြန်လည် ကြည့်လိုက်တော့ လူရုပ် လူခန္ဓာ ကိုယ်နှင့် မဟုတ်။ သူလည်း ကားထဲမှာ ဆိုတော့ မျက်လုံးကိုပင် ပွတ်သ တ်ပြီး ပြန်ကြည့်မိသည် ။

ဆံပင်က ရှည်ရှည် ခါးက ကိုင်းကိုင်း လက်နှစ်ဖက်က အောက်သို့ တွဲကျနေ သေးသည် ။ မျက်နှာကလည်း လူဝံ တစ်ကောင်ရဲ့ မျက်နှာမျိုး နှင့် ဖြစ်လေသည် ။ ပြီးတော့ လူကောင်ကလည်း အတော်ပင် ကြီးမားသ ည် ။ လရောင်ကြောင့်သာ အတန်ငယ် မြင်နေရခြင်းပင်။ သူလည်း အစ

တုန်းက မျောက်ကြီး တစ်ကောင်လို့ ထင်နေခဲ့ ပေမဲ့ သေချာကြည့်မိတော့ ခန္ဓာကိုယ်မှာ က အဝတ်အစားတွေ ရှိနေသေးသည် ။ ဒါပေမဲ့ အကောင်း တိုင်းတော့ မဟုတ်ပေတော့။ အစုတ်စုတ် အပြတ်ပြတ်ပင်။ သို့ကြောင့် လူတစ်ယောက်ဟု ထင် နေခဲ့ပေမဲ့ လူဟု ပင် မဆိုသာချေ။

သူလည်း တွေးမရတော့။ ဘယ်လို သတ္တဝါပါလိမ့်။ လူလား။ သရဲတစ္ဆေပဲလား။ သရဲတစ္ဆေတော့ မဟုတ် လောက်ပေ။ အကြောင်းကတော့ မျက်စိရှေ့မှာ တွေ့နေရသည် ပဲ။ ကားကို ပတ်ချာလှည့်ကာ လက်သည်း ရှည်ကြီးတွေနှင့် လိုက်လံ ကုတ်ခြစ် နေလေသည် ။ သူကြားနေသည့် တဂျစ်ဂျစ် ဆိုသည့် အသံက ထိုအကောင်ကြီးက ကားကို ခြစ်ကုတ်နေသည့် အသံပင်။

ထိုစဉ် သူ့ပခုံး တစ်ဖက်ကို တစ်ယောက်ယောက်က ဖျတ်ခနဲ လာကိုင်လိုက် လေသောကြောင့်...

"အမယ်လေး ဘာလဲဟ"

ဆိုပြီး အလန့်တကြား ထအော် လိုက်မိသည် ။ ထိုအခါ သူ့နောက်ကျောမှ အသံတစ်သံက ထွက်ပေါ် လာလေတော့သည် ။

"ဟေ့ကောင် မင်းမင်း ငါပါဟ"

ဒီတော့မှ သူလည်း အံ့သြသွားကာ အသံပိုင်ရှင်ကို ပြန်ပြောလိုက်သည် ။

"ဟာ... ဘိုဘို မင်းကွာ အသံမပေး ဘာမပေးပဲ"

ထိုအခါ ဘိုဘိုက လေသံတိုးတိုးဖြင့် ...

"တိုးတိုးပြော မင်းမင်း... ငါလည်း အခုမှ သတိရတာ ... အပြင်က အကောင်ကြီးကို တွေ့ပြီးပြီ တိတ်တိတ် လေးနေ နောက်မှ ပြော"

ဆိုပြီး မင်းမင်းကို ဘိုဘိုက သတိပေးထား လိုက်သည် ။

**********